# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ပထမနေ့ အစည်းအဝေး အကျဉ်းချုပ်

## ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

## (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

## [တနင်္လာနေ့]

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၁၉ ခုနှစ်၊ **နိုဝင်ဘာလ ၄** ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

(က) ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်ရှိ ဖုတ်ကုန်း-နေရာခင်း-ရွာသစ်-ကိုင်း ကျေးရွာချင်း ဆက်လမ်းအား မြေသားပေါင်တင် ဖောက်လုပ်ရန်အတွက် မည်သည့်ဘဏ္ဍာရေး နှစ်တွင် ထည့်သွင်းလျာထားပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က လမ်းအဆင့် သတ်မှတ်ချက်အရ Class (B) ဦးစားပေးအဆင့်(၁)၌ ပါဝင်သဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ခွဲဝေရရှိမှု အပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ခ) ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ကရင်ပြည်နယ်မြောက်ပိုင်း၊ သံတောင်ကြီးမြို့နယ်မှ ကရင်ပြည်နယ်တောင်ပိုင်းရှိ မြို့နယ်များသို့ ဖာပွန်မြို့မှတစ်ဆင့် သွားလာနိုင်ရန် သံတောင်ကြီး-ဖာပွန် ကားလမ်းမကြီး ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ **မေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က နယ်မြေအခြေအနေအရ ဝင်ရောက် သွားလာခွင့် ရမည်ဆိုပါက Survey တိုင်းတာဆောင်ရွက်ခြင်း၊ စက်ယာဉ် ယန္တရားများပေးပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး အမြန်ဆုံးဖောက်လုပ်ပေး သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဂ) ဒေါ်မေသန်းနွဲ့၊ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **ဘိုကလေး – စက်ဆန်း – ထော်ပိုင် – အမာလမ်းပေါ်ရှိလမ်းနှင့် ဆည်မြောင်း တာထပ်နေသည့် အပိုင်းများအား မည်သည့်ဌာနက မည်ကဲ့သို့ ဆက်လက် ဆောင်ရွက်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က **လမ်းအူကြောင်းတစ်လျှောက်ရှိ မြေယာလျော်ကြေးကိစ္စများအား လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက် ပြီးပြတ်ပါက မြေယာလျော်ကြေးငွေနှင့် လမ်းတည်ဆောက်ခြင်းလုပ်ငန်းများ အတွက် လျာထားရန်ပုံငွေများကို နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံ သွားမည်ဖြစ်ပြီး ရရှိမှုအပေါ်မူတည်၍ ဆက်လက်**ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ဘဝနေထိုင်ရေး အဆင်ပြေစေရန် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန်အတွက် ဝန်ထမ်းများအား စစ်တမ်းကောက်ယူထားမှု အခြေအနေ၊ အကောင်အထည်ဖော် ပြီးစီးမှုရာခိုင်နှုန်းနှင့် မည်သည့်ကာလတွင် ဝန်ထမ်းများ လက်ဝယ်သို့ ပေးအပ်နိုင်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က ဆောက်လုပ်ပြီး တန်ဖိုးနည်း၊ တန်ဖိုးသင့်တိုက်ခန်းများကို နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ အကြား အချိုးကျခွဲဝေရောင်းချပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့က ရန်ကုန်မြို့တွင် တန်ဖိုးနည်းအိမ်ရာများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဖိတ်ခေါ်ဆောက်လုပ်၍ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ရောင်းချရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

(င) ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **မန္တလေး တိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်း ငါ့သရောက်မြို့နှင့် တောင်ဇင်း – ကန်စောင့် ကျေးရွာသို့ ဆက်သွယ်ထားသော မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဘဏ္ဍာရေးနှစ်အလိုက်ပိုင်း၍ အဆင့်တိုးမြှင့် ဖောက်လုပ် ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က မြေသားလမ်းမှာ (၁၃)မိုင်ရှိပြီး ကျေးလက်လမ်း စာရင်းတွင်ပါဝင်ခြင်းမရှိသေးသော (၉)မိုင် (၂)ဖာလုံအား ကျေးလက်လမ်းအဖြစ် ခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး ကျန်လမ်းပိုင်းအရှည် (၃)မိုင်(၆)ဖာလုံအား ကျေးလက်လမ်းဖွံ့ဖြိုးရေး (၁၃)နှစ် စီမံကိန်းအရ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ရန် ၂၀၂၀-၂၀၂၁

ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ခွဲဝေရရှိမှ အပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**အဆုံးအဖြတ် ရယူခြင်း**

၃။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စကားရပ် ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော်က အတည်ပြုသည်။

**အဆိုတင်သွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်း**

၄။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဖေတင် ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုတင်သွင်းရာ လွှတ်တော် က မှတ်တမ်းတင်သည်။

၅။ အစည်းအဝေးကို ၁၀း၄၉ နာရီ အချိန်တွင် ရပ်နားပြီး ဒုတိယနေ့ အစည်းအဝေးကို ၅-၁၁-၂၀၁၉ ရက်နေ့ (**အင်္ဂါ**နေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**